# ACC Against COVID-19




## အစီအစဉ် (၃)

# “မြန်မာစားသုံးသူများသမဂ္ဂ၏ သဘောထားအမြင်”

တင်ပြသူ

ဒေါက်တာမိုမိုတင်




COVID-19 ကပ်ရောဂါ
ကာလအတွင်း၌လည်း
မိမိတို့အလိုရှိသော အစားအသောက်၊
ရောဂါကာကွယ်ရေးဆိုင်ရာပစ္စည်းများကို
ဝယ်ယူသုံးစွဲကြရာတွင် အွန်လိုင်းနှင့်
ဆိုင်များက လက်ရှိစားသုံးသူတို့
လိုအပ်ချက်အပေါ် အခွင့်ကောင်းယူ၍
မသမာသူ လောဘသားများအချို့ကြောင့်
စားသုံးသူများမှာ နစ်နာမှုများနှင့်
ကြုံတွေ့ကြရပါသည်။










Dr. Mo Mo Tin

ဈေးနှုန်းများမြှင့်တင်ခြင်း၊ ပယ်ဖျက်ရွှေ့ဆိုင်းရသော
ဝန်ဆောင်မှုများအတွက် အပိုဆောင်းရငွေ သို့မဟုတ်
ပြန်အမ်းငွေကြေးကိစ္စများ၊ အငြင်းပွားမှုများနှင့်
အရည်အသွေးမမီသောပစ္စည်းများကို
ရောင်းချပြီး ရက်ပိုင်းအတွင်းပျက်စီးသွားခြင်း၊
အတုအပများရောင်းချခြင်း၊ ငွေကြေးဆိုင်ရာ
လိမ်လည်ခြင်း၊ သတင်းမှားများ၊
ထင်ယောင်ထင်မှားဖြစ်စေသော ကြော်ငြာများ
ထုတ်လွှင့်၍ ကိုရိုနာဗိုင်းရပ်စ် (Covid-19)
ရောဂါပျောက်ကင်းဆေး၊ ကာကွယ်ဆေးများအဖြစ်
ရောင်းချကြခြင်း၊











ရောဂါကပ်ဘေးအတွက်
အတုအယောင် အလှူခံခြင်းများ၊
အလှူခံငွေကြေးနှင့်
ပစ္စည်းများအပေါ် အလွဲသုံးစား
လုပ်နိုင်ခြေများ
ရှိကြောင်းကိုလည်း
အချို့သောနိုင်ငံများတွင်
ပြည်သူလူထုအား ဖော်ပြ
သတိပေးလျက်ရှိနေကြပါသည်။








Dr. Mo Mo Tin




ထိုအခါ လူများတွင်ရှိရင်းစွဲ
အကျင့်စရိုက်ဟောင်းတွေထဲက
ခြစား ဖောက်ပြန်
မတရားလုပ်တတ်ကြတဲ့
အဂတိတရားကို အထူးသတိထား
ရှောင်ကြဉ်ကြရမယ်ဆိုတဲ့
အသိကပိုပြီး ရှိလာစေပါတယ်။








ထိုအချက်ကို အသိရှိနေတဲ့သူတိုင်း
အလေးထားသိမြင်နေကြပေမယ့်
ကိုင်တွယ်ကျော်လွှားဖို့
အလွန်ခက်ခဲကြမယ်လို့လည်း
နားလည်လက်ခံထားကြမှာ
သေချာပါတယ်။






ထို့ကြောင့် ဒါကို အဓိကဘယ်လို
ကိုင်တွယ်ဖြေရှင်းကြမလဲဆိုတာ
အလေးအနက်ထား ညှိနှိုင်းသဘောတူ
ပူးပေါင်းဖြေရှင်းကြရမှာ ဖြစ်ပါတယ်။

ပုံမှန်အချိန်မှာပင် ကိုင်တွယ်ဖြေရှင်းရခက်လှသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟာ
အခုလိုကမ္ဘာနဲ့အဝှမ်း စိုးရိမ်ပူပန်စိတ်တွေနဲ့ မိမိအရေးသာ အဓိကထား
ဦးစားပေးဖြေရှင်းချင်နေကြတဲ့ လူ့သဘာဝကို ဖြေရှင်းရပိုပြီးခက်ခဲပါလိမ့်မယ်။







MOVINGTOGETHER









COVID-19 ကပ်ရောဂါကာလအတွင်းနှင့်
ကပ်ဘေးအလွန်ကာလများတွင်
ပြန်လည်ထူထောင်ရေး လုပ်ငန်းများ
လုပ်ဆောင်ရာတွင်လည်း
စားသုံးသူများကို ဗဟိုပြုသော
စားသုံးသူကာကွယ်ရေးလုပ်ငန်းများဖြင့်
နည်းဗျူဟာအသစ်များ
ချမှတ်လုပ်ဆောင်သင့်ပါသည်။




ထိုသို့ ဝိုင်းဝန်းဆောင်ရွက်ရာ
တွင်လည်း ကြီးမားတဲ့ အနှောင့်အယှက်
အန္တရာယ်ဖြစ်သော အဂတိတရားလေးပါးကို
မလိုက်စားကြမှသာ တရားမျှတသော
လောကကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပြီး
မြန်မာစားသုံးသူများ သမဂ္ဂမှလည်း
ပါဝင်ပူးပေါင်းသွားမည် ဖြစ်ပါသည်။




